ကျောက်လှေခါးကျေးရွာ
ထန်းငယ်တောကျေးရွာအုပ်စု၊ ရေစကြိုမြို့နယ်
မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျောက်လှေခါးကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေစကြိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေး ကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(က-၁)နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်ဌင်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက် ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက် အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့ အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိ ရောက်ဆုံးဖြည့်ဆည်း ပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် ရေစကြိုမြို့ အနောက်တောင်ဘက်တွင် တည်ရှိပြီး ရေစကြိုမြို့နှင့် (၂၀)မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာမှာယာမြေများပိုင်ဆိုင်ကြပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးဖြစ်၍ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံအနှံ့အပြား သို့ အရောင်းအဝယ်ပြုလုပ်၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ရွာ၏ လမ်းအခြေအနေများ မှာ တောင်ကမူလေးများ ရှိသဖြင့် ညီညာပြန့်ပြူးမှု မရှိဘဲ လမ်းများမှာ မိုးရေစီးများကြောင့် ချိုင့်ခွက် များ၊ လမ်းစောင်းများ ရှိသဖြင့် သွားလာရခက်ခဲပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန် လက်မ မှာ ၃၀ မှ ၅၀ ဝန်းကျင်ခန့် ရှိပြီး ယာမြေများမှာ နွေရာသီတွင် စိုက်ပျိုးရေး လုပ်ငန်းများ စိုက်ပျိုး နိုင်ခြင်း မရှိကြပါ။ ယာမြေများတွင် ပဲစင်းငုံ၊ နှမ်း၊ ပဲတီစိမ်းကို အဓိက စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ယာမြေသာဖြစ်သဖြင့် မိုးကောင်းစိုက်ပျိုးမြေဖြစ်ခြင်းကြောင့် မြေဆီအသင့် အတင့် ကောင်းမွန်သည်။ ကျေးရွာသည် သဘာဝသယံဇာတ မထွက်ပါ။ ကျေးရွာရှိ စိုက်ပျိုးမြေ အများစုမှာ မိုးကောင်းသောက် ယာမြေများ ပိုင်ဆိုင်သည့် ဧကမှာ (၃၅၀)ဧကေ ရှိပါသည်။ ထွန်ယက်စိုက်ပျိုးနိုင် သည့် ဧကမှာ (၃၅၀) ဧကရှိပြီး ယာမြေများတွင် နှမ်း၊ ပဲတီစိမ်းများကို အဓိက စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၃၇) စုနှင့် ကျား (၃၆၅) ၊ မ (၄၂၅)ဦးဖြင့် လူဦးရေပေါင်း (၇၉၀) ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅) ဦးရှိသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၈၀%) ခန့်ရှိသဖြင့် လူသား အရင်း အမြစ်ကောင်းတစ်ရပ်ဖြစ်ကြပြီး လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက် အောင် စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးအခြေအနေ

တောင်သူလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများကို အဓိက လုပ်ကိုင်ကြပါသည်။ ဇီးတောကျေးရွာအိမ်ထောင်စု(၁၃၇)စုရှိသော်လည်း လုံးဝ လုပ်ကိုင်စားသောက် နိုင်ခြင်းမရှိသော အိမ်ထောင်စု (၅)စုမှာ ဆွေမျိုးများမှလည်းကောင်း၊ မိတ်ဆွေများမှလည်းကောင်း အထောက်အပံ့ယူ၍ စားသောက် နေထိုင်ကြပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၅၁.၈) ရာခိုင်နှုန်း သည် ဆင်းရဲနှင့် အလွန် ဆင်းရဲအိမ်ထောင်စုအဆင့် ခံယူကြပြီး (၂၁.၆) ရာခိုင်နှုန်းသည် ချမ်းသာသည့် အဆင့်၊ (၂၇.၀) ရာခိုင်နှုန်းသည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် ယာမြေပိုင်ဆိုင်မှု ၊လက်လှမ်းမီမှု၊ လယ်ယာ သုံး စက်ကိရိယာများ ပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာ စီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားပြည်ပ နိုင်ငံသို့ သွားရောက်လုပ်ကိုင်သော အလုပ်သမားများမှာ အသေးစားလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ကြပြီး ဈေးရောင်းသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအိမ်ထောင်စု အချို့လည်း အသင့်အတင့် အဆင်ပြေကြသည်။ ယင်းတို့အနက် ဆင်းရဲနှင့် အလွန်ဆင်းရဲ အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ် လက်စားများ၊ မြေယာမဲ့များ အများအပြားပါဝင်ပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု နှင့် ဆင်းရဲသား တောင်သူများ များပြားကြပြီး မိုးခေါင်သည့်အချိန်တွင် ယာလုပ်ငန်းများမှာ စိုက်ပျိုး နိုင်ခြင်း မရှိကြခြင်းကြောင့် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါ သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

တောင်သူလုပ်ငန်းများ ရိတ်သိမ်းပြီးချိန်တွင် မြွေအန္တရာယ်နှင့် ကြုံတွေ့တတ်ခြင်း၊ ကျေးရွာ၌ ဆေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းရှိသော်လည်း ကာကွယ်ဆေးများမှာ ဆေးခန်း၌ ထိန်းသိမ်းထားရန် လိုအပ်သော ပစ္စည်းများ မရှိခြင်းကြောင့် မလိုအပ်ဘဲ အသက် ဆုံးရှုံးမှုများ ကြုံတွေ့ရခြင်း၊ လွယ်ကူစွာမီးမဖွားနိုင်သော ကိုယ်ဝန်ဆောင်မိခင်များ အနီးဆုံးတိုက်နယ်ဆေးရုံသို့ သွားရောက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အသက်ဆုံးရှုံးရခြင်း၊ အရေးပေါ် လူနာများ နီးစပ်ရာဆေးရုံသို့ သွားရာတွင် အချိန်မီ မရောက်နိုင်သဖြင့် အသက်ဆုံးရှုံးရခြင်း စသည့် ကျန်းမာရေး ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၇)ဦး ရှိသော်လည်း မိသားစုနှင့်အတူ နေထိုင်ခြင်း၊ မိသားစုနှင့်အတူ မနေထိုင်သော်လည်း သားသမီးများ၏ စောင့်ရှောက်မှုရရှိသည့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းတို့ဖြစ်ကြသည်။ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်များ သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှ တဆင့် ကူးစက်တတ်သည့် ရောဂါများ ၊ အရက်နှင့် မူးယစ် ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ ရှိတတ် ကြသည်။ လူငယ်များ ဆိုင်ကယ်များ မဆင်မခြင် မောင်းနှင်မှုကြောင့် ထိခိုက်မှုများ ရှိကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီး အာဟာရပြည့်ဝ၍ သင့်တင့်မျှတမှု ရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြ သည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ကလေးငယ်များတွင် ဖြစ်ကြကြောင်း တွေ့ရှိရသည်။ ကျေးရွာ သူ/သားများသည် တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရရှိနိုင်ရန် ကျန်းမာရေး ဟောပြောပွဲများ ပြုလုပ်ပေးပါက ကျန်းမာရေးအသိအမြင်များ ပို၍ တိုးလာနိုင်ပါသည်။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ ကလေးငယ်များမှာ မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ် ကလေးများသည် ပညာကို အလွယ်တကူ သင်ယူနိုင်ပါသည်။ စားဝတ်နေရေးအတွက် မိမိကျေးရွာ တွင် တောင်သူလုပ်ငန်းသိမ်းပြီးပါက မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။ ကျေးရွာ သူ/သားများမှာ စာများ ရေး/ဖတ်နိုင်ကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှု အနေအထားမှာ လွပ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံ ခြင်း ကိစ္စများ မရှိပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် နှင့် တက္ကသိုလ် အဆင့်များအထိ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် များနေ ကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများ အတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင်နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။ ဥပမာအားဖြင့် လုပ်သားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီ သော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်း လျက်ရှိသည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင် ဆောင်ရွက် ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၂)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့(၃)ဖွဲ့ ရှိပါ သည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့ဖြစ်သည့် အမျိုးသမီး ရေးရာအဖွဲ့ လှုပ်ရှား ဆောင်ရွက် မှု အားနည်းပါသည်။ ကျေးရွာတွင် နာရေးတစ်ခုအတွက် ဆင်းရဲပြီး ငွေကြေးမတတ်နိုင်သူများကို နာရေးကူညီမှု အသင်းမှ ကျပ်(၅၀၀၀/-) ထောက်ပံ့ပြီး ပစ္စည်းများကို အခမဲ့ကူညီ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ရှိပြီး ငွေစုငွေချေး လုပ်ငန်း များ လည်ပတ်လျက်ရှိသည်။ ၎င်းအဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ယာမြေ၌ ပဲစဉ်းငုံ၊ နှမ်း၊ ပဲတီစိမ်းကို အဓိကထား စိုက်ပျိုးကြပါသည်။ ဒေသန္တရနှင့် ကြက်၊ ဆိတ်၊ ဝက်များကို တပိုင်တနိုင်မွေးမြူကြပါသည်။ မွေးမြူရေးဆိုင်ရာ အဟန့် အတားများ အနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေကို အလွယ် တကူ မရရှိနိုင်သောကြောင့် ငွေချေးသူများထံမှ ချေးငှားလျှင် အတိုးနှုန်း မြင့်မားသဖြင့် တပိုင်တနိုင် သာ မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက် ရှိကြပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူ များရှိပြီး နေ့စားအလုပ်များ၊ ဈေးရောင်း၊ ခေါင်းရွက် ဗျက်ထိုးဈေးသည်များ၊ အစိုးရဝန်ထမ်းများ လည်း ရှိကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာရှိ စိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့် ဓါတုမြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေးများကျဆင်းလာနိုင်ပြီး တောင်သူ များအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးလုပ်ငန်းများအစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားလာကြပါသည်။စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု တွင်လည်း ပလတ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ၊ ဘူးခွံများ စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ မြန်မာပြည်အလယ်ပိုင်းဖြစ်၍ အားပျော့သော မုန်တိုင်း ဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ နွေရာသီတွင် လေပြင်းမုန်တိုင်း များလည်း ကျရောက် တတ်ပါသည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်း သဘာဝ အန္တရာယ် တစ်ရပ် ကြုံတွေ့ရ မဲဖြစ်ပါသည်။

(ဇ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေး သော ချေးငွေကို ယူကြရပြီး (၁)ဧကလျှင် (၁)သိန်းခွဲနှုန်းဖြင့် အများဆုံး (၅)ဧကအထိ ချေးယူ နိုင်ကြပါသည်။ အမျိုးသမီးများပါဝင်သော ပတ်မြန်မာအဖွဲ့နှင့် စထာပနာ အဖွဲ့အစည်းများမှ ချေးငွေ များကို ထုတ်ချေးပေးကာ ရရှိလာသော အကျိုးအမြတ်များကို အသင်းဝင်များအတွက် ထောက်ပံ့ငွေ များ အနည်းငယ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ချေးငွေများကို မိသားစု၏လိုအပ်သော အခက်အခဲမျိုးစုံဖြင့် ချေးငွေယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်မှု များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစု အားလုံး သည် အကြွေးယူ ထားကြရပြီး မိသားစုတစုတွင် အနည်းဆုံး (၂)သိန်းမှ အများဆုံး(၁၀) သိန်းထိ ယူကြရကြောင်း တွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ယခုသင်ကြားနေသည့် ကျောင်းဆောင်မှာ (၉၀'×၃၀'×၂၀') ရှိပြီး ကွန်ကရစ်ခင်း၊ အုပ်ကာသွပ်မိုးဖြင့် သင်ကြားပေးနေပါသည်။ ကျေးရွာသူ/သား များသည် စာမတတ်သူ မရှိပါ။ ကျောင်းနေ အရွယ်ကလေးများ မူလတန်းမှ အလယ်တန်းအထိ ပညာရေးကို လွယ်ကူစွာ သင်ယူနိုင်ကြပါသည်။ သို့သော် ကျောင်းဆောင်၊ ပရိဘောဂများနှင့် ဆရာ/ ဆရာမများ လုံလောက်မှု မရှိပါ။ အစိုးရခန့် ဆရာ/ဆရာမ (၄)ဦး ရှိပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့် (၁)မိုင်ခန့်ကွာဝေးသည့် သဲတော ကျေးလက်ဆေးပေးခန်းနှင့် ပခုက္ကူမြို့နယ်ဆေးရုံများသို့ သွားရောက်၍ ကျန်းမာရေးဆေးကုသမှု ခံယူကြပါသည်။ ကျေးရွာသည် မဟာဓါတ်အားလိုင်း ရှိသော်လည်း လမ်းမီးအနေဖြင့်သာ အသုံးပြု နိုင်သေးသဖြင့် ဆိုလာမီးကိုသာ အသုံးပြုကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိပါသည်။ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြပါသည်။ စာသင်ကျောင်းများ တွင်လည်း ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်ထားရှိပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့် နေရာ မရှိသော်လည်း ဘောလုံး ကန်ခြင်း၊ ခြင်းခတ်ခြင်း အားကစားများ ဆောင်ရွက်နိုင်ရန် မြေကွက်လပ်အား ဘောလုံးကွင်းအဖြစ် သတ်မှတ်ထားပါသည်။ ကျေးရွာမှ လူငယ်များသည် လူမှုရေးလုပ်ငန်း များတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ကြပါသည်။ ဘာသာရေးပွဲများတွင် လူငယ်များ ပျော်ပွဲရွှင်ပွဲများ ကပြဖျော်ဖြေပွဲများတွင်

ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို လူကြီး လူငယ်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာချင်းဆက် လမ်းများအား ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားရှိပြီး နှစ်စဉ် ပြုပြင်မွမ်းမံလျက်ရှိပါသည်။ ကျေးရွာတွင်း လမ်းမှာ မြေသားလမ်းဖြစ်ပြီး မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊ လယ်ထွန်စက်များ၊နွားလှည်းများအသုံးပြုမောင်းနှင်နိုင်သည်။ သို့သော် တောင်ကမူ လေးများ များပြားပြီး အိမ်ဝိုင်းများမှာ လမ်းထက်မြင့်နေသဖြင့် မိုးရာသီတွင် ရေစီးကြောင်းများ ကြောင့် လမ်းများတိုက်စားပျက်စီးမှုများရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းသည် ဦးစားပေးစီမံချက်အဖြစ် ရေးဆွဲတင်ပြထားခြင်း ဖြစ်ပါ သည်။

ကျေးရွာတွင် တယ်လီဖုန်း ဆက်သွယ်မှုများ နှင့် အင်တာနက်အသုံးပြုနိုင်ပြီး သတင်းအချက် အလက်များအတွက် ချိတ်ဆက်အသုံးပြုကြပါသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှု ကောင်းမွန်ကြောင်း တွေ့ရှိရ ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချော့မွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်း တယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်း အမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့် ရေးဆွဲထားခြင်းမရှိပါ။ နွေရာသီတွင် မီးဘေး လုံခြုံရေး အတွက် အရန်မီးသတ်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး မီးကင်းတာဝန်များကို အဖွဲ့ခွဲ၍ လှည့်လည်၍ မီးဘေးအန္တရာယ်သတိပေးခြင်းများ ဆောင်ရွက်ကြပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက် နိုင်မှု မရှိသော်လည်း ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါး ပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အနားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီး အသုံးပြုရသဖြင့် ကျောင်းသူ/သားများအတွက် ကျောင်းစာ များပြုလုပ်ရန် အထောက်အပံ့ကောင်းစွာ ရရှိခြင်း၊ တီဗွီနှင့်စလောင်းများရှိခြင်းကြောင့် သဘာဝ ဘေးအန္တရာယ်အတွက် ကြိုတင် ပြင်ဆင်နိုင်ခြင်း၊ သတင်းအချက်အလက်များ ကြိုတင်သိရှိ နိုင်ခြင်း၊ အထွေထွေဗဟုသုတများ ရရှိခြင်း စသည့်လူနေမှုအဆင့်အတန်းမြင့်မား လာရေးအတွက် အထောက် အကူ ပြုနေပါသည်။

လူငယ်ပညာတတ်များ အနည်းငယ်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြ သော်လည်း အသက်မွေးဝမ်းကျောင်းသင်တန်းများတတ်ရောက်နိုင်ခြင်း အားနည်းပါသည်။ မိရိုးဖလာ တောင်သူလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်ကြရပါသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက် ကောင်းမွန်စေပါမည်။ သဘာဝအရင်းအမြစ်များတွင် ကိုင်းကျွန်းမြေများ ဖြစ်သဖြင့် မြေဆီအတော် အသင့် ကောင်းမွန်သော်လည်း ယာမြေများမှာ မိုးကောင်းသောကမြေများဖြစ်သဖြင့် တောင်သူများ မှာ (၁၂)လရာသီစိုက်ပျိုးနိုင်ခြင်း မရှိပါ။ တပိုင်တနိုင်မွေးမြူရေး ဆောင်ရွက်ကြခြင်းနှင့် မွေးမြူရေး အတွက် မွေးကွဲစီးဌာနမှ လိုအပ်သော နည်းပညာဆိုင်ရာ ပံ့ပိုးမှုကို ဆောင်ရွက်ပေးရန် လိုအပ်ပါ

သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိပါသည်။ ကျေးရွာ တွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အင်တာနက်အသုံးပြုနိုင်မှုရှိသဖြင့် သတင်းအချက် အလက်များအတွက် အသုံးပြုနိုင် ပါသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန် မရှိသည့်အတွက် တောင်သူဦးကြီး များမှာ အကျိုးအမြတ်အများဆုံးရရှိနိုင်သော သီးနှံများကိုသာ ရွေးချယ်၍ သီးထပ်၊ သီးညှပ်များ စိုက်ပျိုးကြပါသည်။ ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများ ကျရောက်တတ်သောကြောင့် သီးနှံများ အထွက်နည်းခြင်း၊ လမ်းပန်းဆက်သွယ်မှု မလွယ်ကူသဖြင့် သီးနှံများ ဈေးကောင်း မရခြင်း၊ သယ်ယူစရိတ်များပြား ခြင်းများ ကြောင့် စီးပွားရေးဖြစ်ထွန်းမှု နည်းပါးသည်။စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်မှု နည်းပါးခြင်း၊ ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ် မရှိသေးသဖြင့် တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့ များ ရရှိရန် လိုအပ်ပါသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်း မရှိခြင်းကြောင့် ချေးငွေလိုအပ် သော အိမ်ထောင်စုများမှာ ဖွံ့ဖြိုးရေး ဘက်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရ တတ်ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	လမ်း၊တံတား	ရွာတွင်းလမ်းများ မြေနီ ကျောက်စရစ် ခင်းခြင်း	၁
၂	လမ်း၊တံတား	ကုန်ထုတ်လမ်း မြေနီ ကျောက်စရစ်ခင်းခြင်း	၂
၃	မီးလင်းရေး	ကျေးရွာမီးလင်းရေးရရှိအောင် ဆောင်ရွက်ခြင်း	၃
၄	ငွေကြေး	မြစိမ်းရောင်စိမံကိန်းကဲ့သို့ အတိုးနည်းချေးငွေ ရရှိမည့် စီမံကိန်းများ ချထားပေးရန်	၄
၅	ကျန်းမာရေး	ဆေးပေးခန်း ဆောက်လုပ်ရန်နှင့် ကျန်းမာရေးဝန်ထမ်းများ ချထားပေးရန်	၅
၆	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးရန်	၆

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၉	၂	၁၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၄	၁၉	၄၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၆	၃၁	၅၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၃၂	၆၂
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၆	၃၁၃	၅၅၉
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၄	၃၉	၆၃
စုစုပေါင်း		၃၅၉	၄၃၆	၇၉၅
စုစုပေါင်း အိမ်ထောင်စု				၁၈၉

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ မွေးကင်းစမှ ၄ နှစ်အထိ လူဦးရေ ၆.၇၈%၊ မူလတန်းကျောင်းသားအရွယ် ၇.၁၆%၊ အလယ်တန်းကျောင်းသား အရွယ် ၇.၇၉% ရှိပါသည်။အလုပ်လုပ်နိုင်သောအရွယ် ၇၀.၂၃%ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်နိုင်ပါသည်။ သက်ကြီးရွယ်အို (၈%)နှုန်းအနက် အများစုမှာ မိသားစုနှင့်အတူ နေထိုင်ကြပြီး နတ်ကတော် လုပ်ငန်းနှင့် လုပ်ကိုင်နေသော သက်ကြီးရွယ်အို (၁)ဦးနှင့် စိတ်မနှံ့သဖြင့် ကျေးရွာမှ စောင့်ရှောက်ထားရပြီး ကြံုသလိုစားသောက်နေထိုင်ကြသူ (၂)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၂	၂၅	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၄	၅	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၁	၃၄	၅	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၄	၃၇	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၁	မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၃	၃	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၅	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၉	၉	၁	မြင့် ☐ လတ် ☑ နိမ့် ☐
	ပညာရေး				
၁၇	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၁	မြင့် ☐ လတ် ☑ နိမ့် ☐
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	လူမှုရေး လုပ်ငန်းများ				
၁၉	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၂၀	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၇၄	၉၀	၁	
	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
၂၁	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျပန်းလုပ်ငန်းဖြင့် အဓိက အသက်မွေးသူ (၄၀%) ခန့်ရှိပါသည်။ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ကိုင်သူ (၃၄%)ရှိပြီး တောင်သူလုပ်ကိုင်သူ (၁၁%)သာ ရှိပါသည်။ အခြားနိုင်ငံများတွင် သွားရောက်၍ လုပ်ကိုင်သူ အိမ်ထောင်စု (၅)စုခန့်ရှိပြီး ရွှေ့ပြောင်းသွားလာသူများလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၁၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၂၅၀၀	၀	၂၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၅၀၀	၀	၆၅၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၈၀၀၀	၀	၅၀၀၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၃၅၀၀	၁၀၀၀၀	၂၀၀၀	၆၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၄၀၀၀	၃၀၀၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လက်ခစားလိုက်သူများ များပြားပြီး ကျေးရွာတွင် လုပ်ကိုင်သည့် လုပ်သားနည်းပြီး တခြားမြို့ရွာများသို့ နယ်လှည့်ရောင်းချသည့် လုပ်သားအငှားလိုက်ကြသော လုပ်သားများစွာ ရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၁၁.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၅.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၁၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၂၂၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ဥယျာဉ်ခြံ (၅.၀) ဧက စိုက်ပျိုးမြေသည် ပန်းများ၊ သီးပင်စားပင်များ စိုက်ပျိုးရန် ယာမြေများကိုသာ ဝယ်ယူစိုက်ပျိုးကြရပါသည်။ခြံစိုက်သောသူများသာလျှင် မြေအောက်ရေကို အသုံးပြုကြရပြီး ယာမြေများ မိုးကောင်းသောက်မြေများသာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခ က် ☐ အသုံးမပြုနိုင်ပါ ☑
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လမ်းခင်းကျောက်များ ထုတ်လုပ်မှု ရှိပြီး ဆေးဘေးဝင်အပင်များ အနည်းငယ် ရှိပါသည်။ကျေးရွာတွင် ဘေးမဲ့တောင်ရှိသည့်အတွက် သဘာဝ တိရစ္ဆာန်မျိုးစိတ်၊ ယုန်၊ သမင်၊ တောခွေး(ခွေးအ) များ အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၃	၄၂	၈၁	၄၃

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**
လေ့လာတွေ့ရှိချက်။ မပြေလည်သော အိမ်ထောင်စုမှာ အများဆုံးဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၁၂%) ရှိပြီး မြေယာပိုင်ဆိုင်မှု (၁၀-၁၅) ဧက၊တိုက်၊ ပျဉ်ထောင်အိမ်၊ ကား၊ ထွန်စက်များ ပိုင်ဆိုင်ကြပြီး တောင်သူ၊စျေးရောင်းနှင့် ကားအငှားလိုက်လုပ်ငန်းများ အဓိက လုပ်ကိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၂%) ရှိပြီး မြေယာပိုင်ဆိုင်မှု (၅-၁၀) ဧက၊ နှစ်ထပ် ထရံကာအိမ်၊ ထော်လာကျီ၊ သုံးဘီးများ ပိုင်ဆိုင်ကြပြီး တောင်သူနှင့် စျေးရောင်းလုပ်ငန်းများ အဓိက လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၄၃%) ရှိပြီး မြေယာပိုင်ဆိုင်မှု (၀-၅) ဧက၊ တစ်ထပ်အိမ် ၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပြီး တောင်သူလုပ်ငန်းကိုအဓိက လုပ်ကိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု (၄၄%) ရှိပြီး မြေယာမဲ့များ၊ တဲအိမ်နှင့် စက်ဘီးများသာ ပိုင်ဆိုင်ကြပြီး ကျဘမ်းအလုပ်သမားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၃၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၂၅ လုပ်အားခကြိုယူ = ၅
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၂	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၅ ချေးယူ = ၅ လုပ်အားခကြိုယူ = ၂
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။ ဆင်းရဲသား အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ၃၀%ဖြစ်သော အိမ်ထောင်စု (၄၂)စုတွင် ချေးငွေ ယူ၍ စားသောက်ဖြေရှင်းရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၉-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၂	၃
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၁၃
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၄
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၃

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မွေးရာပါ မသန်မစွမ်း (၁)ဦး၊ အရေပြားရောဂါသည် (၁)ဦး၊ စိတ်မနှံ့သူ ကျား (၁) ဦး၊ မ (၁)ဦး၊ ခြေလက်အင်္ဂါ မစုံသူ (၁)ဦး၊ မျက်စိမမြင် မွေးရာပါ (၃)ဦး၊ ဆိုင်ကယ်လဲ၍ အောက်ပိုင်းသေသွားသူ (၁)ဦး တို့ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၉-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ ယာမြေများသည် မိုးကောင်းသောက်ယာမြေများသာ ရှိပြီး ဥယျာဉ်ခြံ စိုက်ပျိုးမြေ (၅.၀) ဧကသာ ရှိသဖြင့် မြေဆီလွှာပျက်စီးမှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ် ☐နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ရွှေ့ပြောင်းလုပ်သား (၃)အိမ်ထောင်စုနှင့် လူမျိုးကွဲများဖြစ်သော ချင်းလူမျိုးနှင့် ရခိုင်လူမျိုး အနည်းငယ်ရှိသော်လည်း ထိခိုက်လွယ်မှု အခြေအနေ အလွန်နည်းပါသည်။အထမ်းဖြင့် လှည့်လည်ရောင်းချသည့် ဈေးသည်များနှင့် အငှားလုပ်သားများစွာ ရှိသဖြင့် ထိခိုက်သက်ရောက်နိုင်မှု အနည်းငယ်ရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာဖွံ့ဖြိုးရေးလူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၂၀	၁၅	၃၅	ပညာရေး ☑ ဝွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	အရံမီးသတ်	၁ ☐ ၂ ☑ ၃ ☐	၅	၀	၅	ပညာရေး ☐ ဝွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ကျေးရွာပရဟိတ	၁ ☐ ၂ ☑ ၃ ☐	၂၀	၁၀	၃၀	ပညာရေး ☐ ဝွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကျောင်းကော်မတီအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၆	၃	၉	ပညာရေး ☑ ဝွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၅	ဂေါပကအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၇	၀	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	ဝတ်အသင်းအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၇	၀	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ရေအလှူအသင်း	၁ ☐ ၂ ☑ ၃ ☐	၁၇	၀	၁၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။- ကျေးရွာတွင် ဖွံ့ဖြိုးရေးလူငယ်အဖွဲ့သည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်မှုရှိခြင်း၊ ၃ လ တစ်ကြိမ် ကျောင်းအာဟာရတိုက်ခြင်း၊ အလှူရှင်းများနှင့် ချိတ်ဆက်ပြီး ကျောင်းသား/သူများအား စာရေးကိရိယာများ ထောက်ပံ့ပေးပါသည်။ အရံမီးသတ်တပ်ဖွဲ့မှာ လူပ်ရှားမှုအားနည်းကြောင်း တွေ့ရသည်။ ကျောင်းကော်မတီအဖွဲ့သည် သန့်ရှင်းရေးနှင့် ပရိဘောဂများ ပြုပြင်ပေးပြီး ရေအလှူအသင်းသည် ရေအခက်အခဲရှိသော အခြားကျေးရွာများ လှူဒါန်းကြပြီး ရေအဖွဲ့သည် ကျေးရွာတွင်း ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ကြသဖြင့် အဖွဲ့အစည်းများ စွမ်းဆောင်နိုင်မှု အားကောင်း မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the

Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤယေားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၄၃	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၃၁	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၄၂	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၈၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၂၂%) ခန့်ရှိပြီး တောင်သူအငှားလိုက်ခြင်း၊ ဈေးဆိုင်တွင် အငှားနေထိုင်ခြင်း၊ အထမ်းအငှားလိုက်ခြင်းများ ပြုလုပ်ကြပါသည်။ တောင်သူလုပ်သော်လည်း မိုးကောင်းသောက်ယာမြေများ ဖြစ်သဖြင့် မိုးခေါင်သည့် အချိန်တွင် တောင်သူများ အဆင်မပြေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကွက်	တစ်ဧကာ အထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
နှမ်း	၃၅	တင်း	၂	၁၀	၆	စက်တင်ဘာ	နိုဝင်ဘာ	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
ပဲစဉ်းငုံ	၂၀	တင်း	၂	၇	၄.၅	မေ	ဒီဇင်ဘာ	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
နွားစာပြောင်း	၇	တင်း	၁	၃	၂	မေ	ဒီဇင်ဘာ	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
ပဲတီစိမ်း	၁၅	တင်း	၁၅	၄	၉.၅	မေ	ဩဂုတ်	မြင့် ☐ လတ် ☐ နိမ့် ☑	မြင့် ☐ လတ် ☐ နိမ့် ☑
								မြင့် ☐ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐
								မြင့် ☐ လတ် ☐ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☐

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မြေများသည် မိုးကောင်းသောကမြေများဖြစ်သဖြင့် စပါးစိုက်ပျိုး၍ မရပါ။ပဲစဉ်းငုံခင်းတွင် ပဲတီစိမ်းကို သီးညှပ်အဖြစ် စိုက်ပျိုးကြသည်။ နှမ်းနှင့် နွားစာပြောင်း စိုက်ခင်းများတွင် တသီးသာလျှင် စိုက်ပျိုးကြကြောင်းလေ့လာ တွေ့ရှိရ ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယာ: (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၀	၀	၀	၈၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၁	၀	၀	၀
ရေစုပ်စက်	၁	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မိုးကောင်းသောက်မြေများဖြစ်သဖြင့် တောင်သူလုပ်ငန်းလုပ်ကိုင်သူများ ရှိသော်လည်း ကျဘမ်းလုပ်ငန်းများသာ လုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးသုံး ကိရိယာများ အသုံးပြုမှု နည်းပါကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
